INTERNATIONAL MONETARY FUND

COMMUNICATIONS DEPARTMENT

အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့
ဝါရှင်တန်၊ ဒီစီ၊ ၂၀၄၃၁ ယူအက်စ်အေ

သတင်းထုတ်ပြန်ချက်အမှတ် ၁၄/၂၄၈

ချက်ခြင်း ထုတ်ပြန်ရန်

၂၀၁၄ခုနှစ် ဇွန်လ ၁၇ ရက်

**သတင်းထုတ်ပြန်ချက် - အိုင်အမ်အက်ဖ်၏ မြန်မာနိုင်ငံဆိုင်ရာ မစ်ရှင်အဖွဲ့**

မစ္စတာမက်ဒေဗီးစ် ခေါင်းဆောင်သော အပြည်ပြည်ဆိုင်ရာ ငွေးကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်) မစ်ရှင် အဖွဲ့သည် တာဝန်ရှိသူများနှင့် ၂၀၁၄ ခုနှစ်အတွက် Article IV ဆိုင်ရာ အကြံပြုဆွေးနွေးခြင်း ပြုလုပ်ရန်အတွက် ၂၀၁၄ ခုနှစ်၊ ဇွန်လ ၄ ရက်မှ ၁၇ ရက်အထိ မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည်။[1] မစ်ရှင်အဖွဲ့အနေဖြင့် သမ္မတရုံးဝန်ကြီး ဦးစိုးသိန်း၊ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ အခြားအဆင့်မြင့်အရာရှိကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ ၊ ပုဂ္ဂလိကကဏ္ဍ နှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အလှူရှင်များ၊ သံတမန်အသိုင်းအဝိုင်းတို့နှင့် တွေ့ဆုံခဲ့သည်။

မစ်ရှင်အဆုံးသတ်တွင် မစ္စတာဒေဗီးစ်အနေဖြင့် အောက်ပါကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။

`မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်းရှိ အလားတူနိုင်ငံများနည်းတူ မကြာမီက စတင်ပြုလုပ်ခဲ့သည့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများ ဆက်လက်တိုးတက်ပြီး ကာလအတန်ကြာ အဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သွားမည့် အနေအထားတစ်ရပ်ကို ပိုင်ဆိုင်ထားသည်။ သို့ရာတွင် ယင်းတိုးတက်မှု တည်မြဲစေရန်နှင့် ပြီးပြည့်စုံမှုရှိစေရန် အလို့ငှာ ကျယ်ပြန့်သော မူဝါဒနှင့် တည်ဆောက်ပုံဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို ပိုင်းဖြတ်အကောင်အထည်ဖော်သွားရန် လိုအပ်သည်။´

`စီးပွားရေးအလားအလာမှာ အားရဖွယ်အနေအထားတွင်ရှိသည်။ သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများတိုးတက်လာမှုကြောင့် ဂျီဒီပီ အမှန်တန်ဖိုးတိုးတက်မှုမှာ (မတ်လတွင်ကုန်ဆုံးသည့်)

---

[1] Article IV အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ပြီးဆုံးမှုသည် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့၏ အမှုဆောင်အဖွဲ့ဆွေးနွေးညှိနှိုင်းပြီးစီးမှုအပေါ်တွင် မူတည်ပါသည်။

Washington, D.C. 20431 • Telephone 202-623-7100 • Fax 202-623-6772 • www.imf.org

၂၀၁၃/၁၄ ဘဏ္ဍာရေးနှစ်တွင် ၈ ၁/၄ ရာနှုန်းမှ ၂၀၁၄/၁၅ ဘဏ္ဍာရေးနှစ်တွင် ၈ ၁/၂ ရာနှုန်းသို့ အနည်းငယ်ပိုမိုတိုးတက်ဖွယ်ရှိသည်။ ငွေကြေးအရင်းအနှီးများ စီးဆင်း ဝင်ရောက်မှု တိုးတက်လာခြင်းက သာမန်စာရင်းလိုငွေပြမှု တိုးတက်လာခြင်းထက် သာလွန်နေချိန်မှာပင် ငွေကြေးဖောင်းပွမှုမှာ ၂၀၁၄/၁၅ ဘဏ္ဍာရေးနှစ်တွင် ၆ ၁/၂ ရာနှုန်း (ယခင်နှစ်နှင့်ယှဉ်လျှင်) တွင် ဆက်လက်တည်မြဲနေဖွယ်ရှိသည်။ ငွေကြေးပမာဏ (broad money) နှင့် ချေးငွေပမာဏ (credit) တို့သည် ဆယ်ဂဏန်းတိုးတက်မှုနှုန်းဖြင့် ဆက်လက်တိုးတက်ဖွယ် ရှိသည်။´

`သို့ရာတွင် ဖြစ်ပေါ်လာမည့် အလားအလာများအတွက် အန္တရာယ်ကျရောက်နိုင်ခြေများလည်း ရှိနေသည်။ ဘဏ္ဍာရေးနှင့် ပြင်ပမှထောက်ခံပေးနိုင်မည့်ကြားခံများ (buffers) မှာ ကျဉ်းမြောင်းလျက်ရှိသည်။ ငွေကြေးဖောင်းပွမှုအပေါ် ဝယ်လိုအား၏ ဖိအားများဖြစ်ပေါ်နေခြင်းနှင့် ငွေကြေးအရင်းအနှီးကြီးမားစွာ စီးဆင်းဝင်ရောက်မှု တို့ကြောင့် နုနယ်သေးသောမက်ခရိုစီးပွားရေး စီမံခန့်ခွဲနည်းလမ်းများအပေါ် တင်းအားများဖြစ်ပေါ်စေမည်။ လက်ရှိအားဖြင့် လျင်မြန်စွာ ကြီးထွားနေလျက်ရှိသည့် ဘဏ္ဍာရေးကဏ္ဍသို့ နိုင်ငံခြားဘဏ်များ ဝင်ရောက်လာနိုင်ခြေရှိမှုကလည်း မက်ခရိုစီးပွားရေးမူဝါဒအပေါ် တောင်းဆိုမှုများ မြင့်တက်စေမည့်အပြင် ရှားပါးလှသည့် စီမံကြီးကြပ်မှုစွမ်းဆောင်ရည်အပေါ် တင်းအားများဖြစ်ပေါ်စေမည်။ မကြာမီက ဘတ်ဂျက်လိုငွေပြမှုကို လျှော့ချနိုင်ခဲ့သော်လည်း ဘဏ္ဍာရေးဆိုင်ရာအန္တရာယ်ကျရောက်နိုင်ခြေများ မြင့်တက်လျက်ရှိသည်။ ဘက်ဂျတ်ပြင်ပမှ လည်ပတ်နေသည့် လုပ်ငန်းများကို ပံ့ပိုးပေးရန် ပြင်ပမှ ချေးငှားရခြင်း၊ အခွန်ကင်းလွတ်ခွင့်များ တိုးတက်များပြားလာခြင်း၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများ၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများနှင့် ဆက်စပ်မှုအနေအထားများ ပြောင်းလဲခြင်းတို့ကို အခြေပြု၍ အဆိုပါ အန္တရာယ် ကျရောက်နိုင်ခြေ တို့ ပေါ်ပေါက်လာခြင်းဖြစ်သည်။

`မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ သီးခြားလွတ်လပ်သော အဖွဲ့အစည်းတစ်ရပ်အဖြစ်သို့ ကူးပြောင်းခြင်းကို မြှင့်တင်ထားသည့် စွမ်းဆောင်ရည်၊ ပိုမိုကောင်းမွန်သည့် နည်းလမ်းများဖြင့် ပြီးမြောက်အောင် ဆောင်ရွက်ခြင်းအားဖြင့် မက်ခရိုစီးပွားရေး တည်ငြိမ်မှုကို ဆက်လက် ဖြစ်ထွန်းစေမည် ဖြစ်သည်။ နှုန်းရှင်ငွေလဲနှုန်းစနစ်ကို ဆက်လက်ထိန်းသိမ်းလျက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ နိုင်ငံခြားအရန်ငွေ ဆက်လက်တိုးတက်အောင်ဆောင်ရွက်ရန် လိုအပ်သည်။ ငွေကြေးဖောင်းပွခြင်းကြောင့် ဖြစ်ပေါ်လာသော ဖိအားများကို ဖြေရှင်းရန်နှင့် နိုင်ငံခြားငွေကြေး စီးဆင်းဝင်ရောက်မှုကို စီမံခန့်ခွဲနိုင်ရန်အလို့ငှာ ငွေကြေးမူဝါဒများ ချမှတ်ရာတွင် ပိုမိုတိုးတက်မှုများ ရှိရန်လိုအပ်သည်။ ၂၀၁၅ခုနှစ်တွင် စတင်ဆောင်ရွက်မည်ဟု မျှော်လင့်ရသည့် ငွေတိုက်လက်မှတ် (treasury bill) များ လေလံတင် ရောင်းချခြင်းနည်းလမ်းသည် ဘတ်ဂျက်လိုငွေပြမှုအား ဗဟိုဘဏ်မှ ဖြည့်ဆည်းပေးရခြင်းကို လျှော့ချရန်နှင့် အတိုးနှုန်းလွပ်လပ်ခွင့်ပေးခြင်းကို တဖြည်းဖြည်း ဖော်ဆောင် နိုင်စေမည့် အခြေခံများ တည်ဆောက်ပေးရန်တို့အတွက် မူဘောင်တစ်ရပ် ဖန်တီးပေးနိုင်မည်ဖြစ်သည်။´

`၂၀၁၄/၁၅အတွက် ဘဏ္ဍာရေး လိုငွေပြမှုပမာဏသည် အစိုးရ၏ ရည်မှန်းချက်ဖြစ်သော ဂျီဒီပီ၏ ၅ ရာခိုင်နှုန်းအတွင်းသာရှိမည်ဟု မျှော်လင့်ရသည်။ သို့ရာတွင် ယင်းသို့ထိန်းထားနိုင်ခြင်းမှာ ပမာဏ ကြီးမားပြီး တစ်ကြိမ်တစ်ခါသာရရှိသည့် ဆက်သွယ်ရေးလိုင်စင်ကြေး ဝင်ငွေများအပေါ်တွင် တစ်စိတ်တစ်ပိုင်းအားဖြင့် တည်မှီနေသည်။ တစ်ဘက်တွင် ဖွံ့ဖြိုးရေးဆိုင်ရာ အသုံးစရိတ်များ တိုးတက်လာစဉ် ကာလလတ်တစ်ခုအတွင်း လိုငွေကို ဂျီဒီပီ၏ ၅ ရာခိုင်းနှုန်းအောက် ထိန်းထားနိုင်ရန်အတွက် အခွန်ဝင်ငွေ တိုးတက်လာရန် လိုအပ်သည်။ ယင်းအခြေအနေမှာ အလွယ်တကူနားလည်နိုင်ပြီး စည်းကြပ်ကောက်ခံရန်လည်းလွယ်ကူသည့်အပြင် ကင်းလွတ်ခွင့် အနည်းဆုံးသာ ပါရှိသည့် (အခွန်) စနစ်တစ်ခု ဖန်တီးပေးနိုင်မည့် မူဝါဒ အပြောင်းအလဲများ ချမှတ်နိုင်မှုအပေါ်တွင် မူတည်သည်။ ယင်းအတွက် အခွန်စီမံအုပ်ချုပ်မှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများတွင် တိုးတက်မှုများ ဆက်လက်ဖြစ်ထွန်းရန် လိုအပ်သည်။ အခွင့်သာပေး ဘဏ္ဍာငွေ ဖြည့်ဆည်းပေးခြင်း (concessional financing) ကို တိုးမြှင့်ခြင်းအားဖြင့် ဖွံ့ဖြိုးရေးဆိုင်ရာအသုံးစရိတ်များကို ပိုမိုခွင့်ပြု ပေးနိုင်မည်ဖြစ်သည်။´

`ဘဏ္ဍာရေးကဏ္ဍကို ခေတ်မီတိုးတက်အောင် ဦးတည်ဆောင်ရွက်လျက်ရှိသော်လည်း ခေတ်မီသော ထိန်းကျောင်းမှု စနစ်တစ်ရပ်နှင့် ပိုမိုအားကောင်းသော စီမံကြီးကြပ်မှုတို့ လိုအပ်လျက်ရှိသည်။ ဘဏ်အားလုံးကိုလွှမ်းခြုံနိုင်သည့် ခေတ်မီပြီး ချင့်ချိန်မှုရှိသော လုပ်ထုံးလုပ်နည်းများကို မြန်နိုင်သမျှ မြန်မြန် အကောင်အထည် ဖော်ခြင်းအားဖြင့် ခိုင်မာသော ဘဏ္ဍာရေးစနစ်တစ်ရပ် ဖြစ်ထွန်းလာရေးအတွက် အုတ်မြစ်ချပေးနိုင်မည် ဖြစ်သည်။ ၎င်းမှာ နိုင်ငံခြားဘဏ်များ ဝင်ရောက်လာဖွယ် ရှိခြင်းကြောင့် အထူးအရေးကြီးပေသည်။ စီမံကြီးကြပ်မှု စွမ်းဆောင်ရည်ပိုင်းကို တိုးတက်ဖွံ့ဖြိုးစေရန်နှင့် အန္တရာယ်ကျရောက်နိုင်ခြေများ အနည်းဆုံးဖြစ်စေရန်အလို့ငှာ ပြည်တွင်းလိုင်စင်သစ်များ ထုတ်ပေးမှုကို ဂရုတစိုက် ထိန်းချုပ်ရန် လိုအပ်သည်။´

`အိုင်အမ်အက်ဖ်အနေဖြင့် မက်ခရိုစီးပွားရေး မူဝါဒများနှင့် ပြုပြင်ပြောင်းလဲရေး ကိစ္စရပ်များတွင် တာဝန်ရှိသူများနှင့် ဆက်လက်၍ အနီးကပ် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်သည်။ မိမိတို့၏ နည်းပညာ အကူအညီများနှင့် လေ့ကျင့်သင်ကြားမှုများကို အာဏာပိုင်များ၏ ဦးဆောင်လမ်းညွှန်မှု၊ ဖွံ့ဖြိုးရေး မိတ်ဖက်များနှင့် ပေါင်းစပ်ညှိနှိုင်းမှုများဖြင့် ဆက်လက်တိုးမြှင့် ဆောင်ရွက်သွားမည် ဖြစ်သည်။´

`အမြင်များကို ပွင့်လင်းစွာ ဖလှယ်ပေးခဲ့သည့်အတွက်လည်းကောင်း မစ်ရှင်ခရီးစဉ်အတွင်း နွေးထွေးစွာ ကြိုဆိုဆက်ဆံခဲ့သည့်အတွက်လည်းကောင်း မိမိတို့အဖွဲ့အနေဖြင့် တာဝန်ရှိသူများအား ကျေးဇူးတင်ရှိပါသည်။´